
ပြိုးသစ္စာ
ရွှေရင်ကျော်ဆရာ၏ အမိန့်အောက်မှ
နှစ်ချို့သူယောင်သရဲ၏ရန်စွယ်အငြိုး
ဖြစ် ရပ် ဆန်း ကြယ် ပ ရ လော က ဝ တ္ထု တို

# ရွှေရင်ကျော် ဆရာ၏ အမိန့်အောက်မှ သူယောင်သရဲ၏ ရန်စွယ် အငြိုး

## ဖြစ်ရပ်ဆန်းကြယ် ပရလောကဝတ္ထုတို

ငရဲ၊ တိရစ္ဆာန် ပြိတ္တာ အသုရာကယ်၊ ဟု ဆိုအပ်သော အပါယ်လေး ဘုံ ရှိလေသည် ။ ထိုအပါယ် လေးဘုံ၌ ကျင်လည် ကျက်စားရသည့် သတ္တဝါ တို့ သည် လည်း ဆင်းရဲ ဒုက္ခပေါင်းများ စွာ ခံစားကြရလေသည် ။

အပါယ်လေးဘုံမှာ အပါအဝင် ဖြစ်သည့် ပြိတ္တာ ဆိုသော နာနာဘာဝ ဝိဏာဘာဝ တို့ သည် လူသားတို့ နေထိုင်ရာ လူ့ဘုံမှာ ပင် တည်ရှိ နေထိုင် ကြလေသောကြောင့် ။ သူတို့ အတွက် ဘုံဟူ၍ သီခြားမရှိချေ။ မြင်အပ် မမြင်အပ်သော သတ္တဝါထဲတွင် မှု မမြင်အပ်သော သတ္တဝါပင် ဖြစ်လေ တော့သည် ။

သို့ပါသောကြောင့် ဘုန်းကန် ကြီးမားသူတို့ သည် မမြင် မတွေ့နိုင်သလို ဘုန်းနိမ့် ကံနိမ့်သူများ ကတော့ မြင်နိုင် တွေ့နိုင် ကြလေသည် ။ မမြင်အပ်သော သတ္တဝါကို မြင်လိုက်ရသည် နှင့် လူသားတို့ သည် ထိမ်လန့် ကြောက်ရွံ့ တတ်ကြကုန်၏။ အဘယ့်ကြောင့် ဆိုသော သူတို့ သည် အစွဲ

အလမ်း တစ်ခု သို့မဟုတ် ဒေါသကြောင့် မကောင်းသော ဘုံးဘ၀၌ ကျင်လည် ကျက်စား ကြရသည် ဖြစ်လေသောကြောင့် ရုပ်ရည်များမှာလည်း အရမ်းပင် ဆိုးသွမ်း ကြမ်းတမ်း ကျလေသည်။

သို့သော် လူကိုသော် လည်းကောင်း အရှားသော တိရစ္ဆာန်များကိုသော်လည်းကောင်း ပြုစားခြင်း၊ ဖမ်းစားခြင်း၊ မူးဝေထိုင်းမှိုင်းအောင် လုပ်ခြင်း၊ အရိပ်အယောင်ပြခြင်း၊ စသော ကံကပေးသည့် ကမ္မဇသိဒ္ဓိ၏ အစွမ်း တန်ခိုးလည်း ရှိပေသည်။

မင်းကွန်း ဆရာတော် ဘုရားကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာပို့ထဲတွင် လည်း ဤသို့ ဆိုထားပေသည်။ ကြီးငယ် အလတ် သုံးရပ်ခန္ဓာ သတ္တဝါ ချမ်းသာ ကိုယ်စိတ်မြဲပါစေ၊ ဥပါဒ် ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေး ကြပါစေ ဟု ဆိုသော မေတ္တာ ဘာဝနာများ စီးဖြန်းထားသည့် အထဲတွင် လည်း ကြီးသော သတ္တဝါ၊ ငယ်သော သတ္တဝါ၊ ပုသော သတ္တဝါ ရှည်သော သတ္တဝါ ဟူ၍ မမြင်အပ်သော သတ္တဝါတို့ အတွက်လည်း မေတ္တာများ ပို့သပေးရန် ဆရာတော် ဘုရားကြီးမှ မိန့်ကြား ထားခဲ့ဖူးလေသည်။

သူတို့ နေထိုင်ရာ နေရာ ဒေသတို့ သည် ကာ တောမြောင် စိမ့်စမ်း သစ်ပင်အို ကျောင်းအို အိမ်အိုအိမ်ဟောင်း များ နှင့် အတူ အုန့်စိုင်း ညို့မည်းနေသော သစ်ပင်ကြီးများ ၌ လည်း နေထိုင် တတ်ကြလေသည်။

ကံနိမ့်သော တချို့လူသားတို့ သည် နာနာဘာဝများကို တွေ့မြင်လိုက်ရသည် ရှိသော တချို့ဆိုလျှင် လန့်ပြီး လိပ်ပြာလွင့်သည် ဟူပင်ဆိုကာ တချို့ကလည်း ဝိညာဉ် နှုတ်သွားသည် ဟု ပင် ခေါ်ဝေါ် သုံးစွဲကြလေသည်။

အမှန်တကယ်တွင် မူ ထိုပုဂ္ဂိုလ်သည်။ အဘယ့်ကြောင့် သည် သို့

ဖြစ်ရပါသနည်း ဟု ဆိုမှုကာ၊ လူသားမှန်ရင် တစ်နေ့ကို ကုသိုလ်၊ ပညာ၊ ဥစ္စာ၊ တစ်ခုခုရမှ လူပီသသည် ဟု ဆိုလေသည် ။

ကုသိုလ်လည်း မရ၊ ပညာလည်း မရ၊ ဥစ္စာလည်း မရပဲ၊ အကုသိုလ် အလုပ်တွေနဲ့ သာ အချိန်ကုန်နေသော အချို့သော သူများ တို့ သည် ဘုရားမေ့၊ တရားမေ့၊ သံဃာမေ့ဖြင့် မကောင်းမှု အကုသိုလ် အလုပ်တွေနဲ့ သာလျှင် အချိန်များကို ကုန်လွန်စေကာ ထိုအကုသိုလ် အလုပ်ဖြင့် အချိန်ကုန်လွန်သော သူများ သည် လည်း ဥစ္စာရဖို့ အရေးအတွက် လောဘကို ရှေ့တန်းတင်ရင်း ရှာဖွေကြခြင်း ဖြစ်လေ သောကြောင့် ဥစ္စာ တော့ရသည် သို့သော် ထိုဥစ္စာကြောင့် ပင်လျှင် စွဲလန်း စိတ်များက ကြီးစိုးကာ သေလွန်သည့် အခါ နောက်ဘဝမကူခင် ကြားကာလ၌ ပြိတ္တာခေါ် ပရလောကသားဘဝ၌ မကျွတ်မလွတ်ပဲ ရှိနေ တတ်ကြလေ တော့သည် ။

ထိုလောဘနှင့် သေရသော လူများမှာ သူတို့ ရောက်ရမည့် ဘုံမှာ လောဘနှင့် သေ ပြိတ္တာပြည်လို့ အဆိုရှိသည့် အတိုင်း လောဘကြောင့် ပြိတ္တာဘဝသို့ ရောက်ကြရသည့် လူများမှာ ရေတွက်၍ မရနိုင်လောက် အောင်ပင် များ ပြားလျက် ရှိနေလေတော့သည် ။

ထို့ကြောင့် ပရလောကသား နာနာဘာဝများ သည် သူတိုနဲ့ နီးစပ်ရာ လူများအား အားကိုး တကြီးဖြင့် သူတို့ ၏ ငတ်မွတ် ဆာလောင်နေသော ဘဝမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း ရရာရနိုး ပုံစံ အမျိုးမျိုး လုပ် ပြကာ အော်ဟစ် အကူအညီ တောင်းသူများ လည်း ရှိသလို။

အချို့သော နာနာဘာဝများကြတော့ သူတို့ နေထိုင်ရာ အသိုက်အမြုံ ကို ဖျက်ဆီးသူ ဒါမှ မဟုတ် သူတို့ ၏ တောင်းဆိုမှုများကို တစ်စုံ တစ်ဦး ထံ ဝင်ပူးကပ်ပြီး ဒေါသတကြီးဖြင့် သူမကျေနပ်ရင် မကျေနပ်သလို

ပြောဆို တုံ့ပြန်ပြီး အကူအညီ တောင်းသူ ပရလောကသား များ လည်း များ စွာပင် ရှိပေတော့သည် ။

သူထက်ငါ ဘယ်လောက်ပင် ဆိုးသွမ်း ရိုင်းပျသော ပရလောက သားကိုမဆို နိုင်နင်း တိုက်ခိုက် ချေဖျက်ပေး နိုင်စွမ်းရှိပြီး၊ သူတို့ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းနှင့် ကံနိမ့်သော လူသားတို့ အား ပူးကပ် ဝင်ရောက်ခဲ့သည် ရှိသော ထိုလူသာအား အသက်ဘေးမှ ကယ် တင်ခြင်း၊ ဘေးဆိုး အန္တရာယ်များ နောက်ထပ်တစ်ဖန် မကျရောက်စေ ခြင်းဖြင့် ခုနှစ်ရက် သားသမီးများကို နောက်ထပ် နှောင့်ယှက်ခြင်း တို့ မှ ကင်းဝေးရန် စောင့်ရှောက် ကယ်တင်ပေး တတ်လေ့ ရှိသော ပုဂ္ဂိုလ်များ လည်း ရှိလေသည် ။

ထိုပုဂ္ဂိုလ် များ သည် ကား... လူသားထဲက လူသားဆိုပေမဲ့ ထိုလူ သားတို့ သည် ကား ငါးပါးသီလကို မြဲအောင် စောင့်စည်း ထိန်းသိမ်းကာ အထက်ဆရာ အာဏာ အမိန့်တို့ ဖြင့် ကူသပေးလျက် ရှိသော လူများ အ ခေါ်အဝေါ် အထက်လမ်း၊ ပညာရှင် အခေါ်အဝေါ် ဣစ္ဆာသယ မဟိဒ္ဓိ ရွှေ ရင်ကျော် ဂိုဏ်းဟု ဆိုအပ်သော သူတော်ကောင်း ဘုရား (၉) ဆူး ဆေးဂို ဏ်းကြီးများ လည်း များ စွာရှိပေသည် ။

ထိုသို့ ကောင်းသော လမ်းစဉ်ကို လိုက်ပြီး ခုနှစ်ရက် သားသမီးများ ကို ကယ်တင်သည့် ပုဂ္ဂိုလ်များ လည်း ရှိသလို၊ ခုနှစ်ရက် သားသမီးများ အား ဒုက္ခပေးတတ်သည့် လူသားထဲက လူသားများ လည်း များ စွာ ရှိတ တ်ပေး တော့၏။

ထိုပုဂ္ဂိုလ် များ သည် ကား လူတွေအခေါ်အဝေါ် အောက်လမ်း၊ ပညာ ရှင် အခေါ်အဝေါ်၊ လူ့မိစ္ဆာ ဟု ခေါ်ဝေါ် သုံးစွဲတတ်ကြလေသည် ။ ထိုလူ့ မိစ္ဆာ အောက်လမ်း ဆရာများ သည် လူသားတို့ ၏ ကောင်းကျိုး

အတွက် မဟုတ် ဆိုးကျိုးအတွက် ကိုသာ ရှေးရှုလျက် လူသားတို့ အား ဒုက္ခပေါင်း များ စွာကို ပေးတတ် လေ့ရှိလေသည် ။

သူတို့ မလို မုန်းထားသော သူဆိုလျှင် ကျန်းမာရေး မကောင်းသလိုလို တစ်ခုခုကို ထိတ်လန့် ကြောက်ရွံ့ နေသလိုလို ညမိုးချုပ်လာရင်ပဲ စိတ်တွေ ဂနာမငြိမ်ဖြစ်ကာ ကယောင်ကတန်းဖြင့် စီးပွားပျက် ဥစ္စာမဲ့ဖြင့် နောက်ဆုံး အသက်ပါဆုံးရှုံး ရတဲ့ ထိအောင် ပြုစားပြီး အနုနည်းနှင့် ဒုက္ခပေါင်းများ စွာကို ပေးတတ် လေတော့သည် ။

ထိုသို့ ဆိုးသွမ်း ယုတ်မာသော အောက်လမ်းမိစ္ဆာ ဆရာများသည် တစ်ခါတစ်ခါ လှည့်ကွက်မျိုးစုံကို သုံးကာ သူပြုစားထားပြီး သူကိုယ်တိုင်ပြန်ကု သလိုလိုနဲ့ အထက်လမ်း ဆရာ ယောင်ဆောင်ပြီး စီးပွားရှာ လုပ်စားနေ တတ်ကြသည် မှာ လည်း ရှိနေလေတော့၏။

တကယ့် ဆရာစစ် ဆရာမှန်နဲ့ တွေ့ပြီ ဆိုလျှင်တော့ သူတို့ သည် ပညာခြင်း ယှဉ်၍ မနိုင်မှန်းသိလျှင် အညံ့ခံကာ နောက်မလုပ် တော့ပါဟု ကတိများ ပေးကာ ပညာကို စွန့်လျှင်စွန့်၊ မစွန့်လျှင်လည်း ရှောင်တိမ်းထွက်ခွာ သွားကြသည် မှာ လည်း များ စွာရှိလေတော့ သည် ။

ထိုအထဲတွင် တော့ ကျွန်တော်တို့ သူငယ်ချင်း လေးယောက်၏ ကိုယ်တိုင် တွေ့ကြုံ ဆုံတွေ့ ကြားသိခဲ့ရသော မယုံနိုင်ဖွယ်ရာ အဖြစ်အပျက်များ နှင့် ဆရာကြီးကိုယ်တိုင် သွားရောက်၍ တိုက်ခိုက် နိုင်နင်းခဲ့ရသော သူယောင်သရဲနှင့် အောက်လမ်း ဆရာတို့ အား နှိမ်နင်း ခဲ့ရပုံများကို အဖြစ်အပျက် ဇာတ်လမ်းလေး တစ်ပုဒ်အနေနဲ့ ပြန်လည်ကာ မြဝေ တင်ဆက် ပြရမည် ဆိုလျှင်တော့ ...

******